# ဆုမြတ်မွန်မွန်

## တစ်သက်မှာတစ်ခါ တစ်ခါမှာတစ်ယောက်



Design : L

# "စာစုလက်ဆောင်"

*အနိုင် - အရှုံးဆိုတာ

 ပြိုင်ဘက်ရှိမှ သိနိုင်တာပါ။

*ပြိုင်ဘက်ဆိုတာ ရန်သူမဟုတ်ပါဘူး

အရေးပါတဲ့ အားပေးဖော်ပါ။

လူတိုင်းမှာ ဖန်တီးနိုင်တဲ့

အစွမ်းသတ္တိတွေ ပိုင်ဆိုင်ထားတယ်

ဒါပေမဲ့ ...

*လူတိုင်းမှာ တော့ ဖန်တီးချင်တဲ့ စိတ်

မရှိကြပါဘူး။

*မနက်ဖြန်မှာ ဘာဖြစ်မယ်ဆိုတာ

 သေချာကြိုသိပြီးနေရင်

ဘဝဆိုတာ ပျင်းစရာကြီးပေါ့။

*မသေချာမှုဆိုတာ ဘဝရဲ့ ကစားပွဲတစ်ခုပါ

မသေချာမှုကြောင့်

ပျော်ရွှင်ခြင်းနဲ့ ဝမ်းနည်းခြင်းတို့

အမိပ္ပါယ်ရှိနေတယ်။

*နေဝင်သွားတာ ကျဆုံးချိန် မဟုတ်ဘူး

အသစ်ဖြစ်လာမယ့် မနက်ဖြန်အတွက်

အားယူနေတဲ့ အချိန်ပါ။

*သင်သည် မျှော်လင့်ချက်ရှိသောနေ့သစ်များကို

ပိုင်ထားသူ ဖြစ်ပါသည် ။

*ဘဝဆိုတာ

နေတတ်သူအတွက် ရယ်မောစရာပါ။

ခံစားတတ်သူအတွက် ကြေကွဲစရာပါ။

ကြည့်တတ်သူအတွက် တရားရစရာပါ။

*ချစ်သူကို အသည်းနှလုံးနဲ့ ရွေးပါ

ဘဝလက်တွဲဖော်ကို

ဦးနှောက်နဲ့ ရွေးချယ်ပါ။

*ဘယ်လောက်မြန်မြန်

သွားနေတယ်ဆိုတာ

အရေးမကြီးပါဘူး။

ဘယ်လောက်ဝေးဝေး

ရောက်တယ်ဆိုတာလည်း

အရေးမကြီးပါဘူး။

ဘယ်လိုရည်ရွယ်ချက်နဲ့

ဘယ်ကိုဦးတည်သွားနေတယ်

ဆိုတာကသာ

အရေးကြီးတာပါ။

"ဟော့ကောင်တွေ မင်းတို့ ဆိုင်က မရောက်သေးဘူးလားကွာ၊ ဘယ်နားမှာ လဲ"

သူ့ရဲ့ စိတ်မရှည်သလို အပြောကို လင်းသော်က မျက်မှောင်ကြုတ်ကာ လှည့်ကြည့်သည် ။ အကြည့်သဘောကတော့ လိုက်လည်း ပို့ရသေးတယ်။ သူကပဲ စိတ်မရှည်ရသေးဟူသော ပုံစံမျိုးစုဖြစ်သည် ။ သူ စိတ်မရှည်ချင်စရာဆိုလည်း မရှည်ချင်စရာပင်။ အရပ်ဆိုင်ဆို အရပ်ဆိုင် တန်းတန်းမတ်မတ် မသွားဘဲ ဟိုဝင်ဒီထွက် လုပ်နေတာကို သူက ကြာ

လာတော့ စိတ်မရှည်တော့။

"ပလာဇာကြီးတစ်ခုလုံးလာတာ ဟိုကြည့်ဒီကြည့်တော့ လုပ်ရဦးမှာပေါ့ကွ"

"နောက်နေ့မှ ကြည့်စမ်းပါကွာ၊ ဒီဒီ့ကို ကျူရှင်သွားကြိုရဦးမှာ ကွ"

"မင်းမလည်း အပြင်ထွက်တိုင်း ကိစ္စတစ်ခုက တန်းလန်းတန်းလန်း နဲ့ "

"တန်းလန်းရမှာ ပေါ့၊ အဲ့ဒါမှ တစိလက်စတည်းနဲ့ အားလုံးပြီးသွားအောင်လို့ ။ နို့မို့ဆို အိမ်ဝင်လိုက် ပြန်ထွက်လိုက်နဲ့ အလုပ်ရှုပ်တယ် ...

အဲ့ဒါ လူတော်လို့ ခေါ်တယ်။ အကွက်ကျကျ စီစဥ်တတ်တာ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်တာ"

"ဘာမှ အသုံးမချတတ်နဲ့ ၊ မင်းနဲ့ သွားရတာမိုက်ကိုမိုက်ဘူး"

"ဟော့ကောင် ...ဈေးပတ်တဲ့ အလုပ်ဆိုတာ မိန်းကလေးတွေလုပ်တဲ့ အလုပ်တွေပါကွာ၊ ကိုယ်ဝယ်စရာရှိတဲ့ ဆိုင် ချက်ချင်းဝင်ဝယ်တာ ဘယ်လောက်ကောင်းလဲ ...

မတွေးတတ်ဘူး"

သူ့အပြောကို သူငယ်ချင်းနှစ်ယောက်က အသီးသီးရှုံ့မဲ့ပြကြလေသည် ။ သူ့ သူငယ်ချင်း လင်းသော်နှင့် ရဲခိုင်ဝင်းတို့ နှစ်ယောက်သည် ဟိုဘက်ဘဝက မိန်းကလေးတွေသေလို့ ဝင်စားတဲ့ သူတွေဟု သူက အမြဲပြောတတ်ရအောင်ပင် အလှအပ ရှော့ပင်း ထွက်ခြင်းတို့ ကို အထူးတလည် ဝါသနာပါကြသူတွေဖြစ်သည် ။

ရန်ကုန်မြို့မှာ ရှိရှိသမျှ ပလာဇာ၊ ရှော့ပင်းစင်တာ၊ စူပါမားကပ်၊ နေ့

တိုင်း အလှည့်ကျနှင့် သွားနေသလားဟု ထင်ရအောင်ပဲ သွားလည်း သွားနိုင်ကြသူတွေဖြစ်သည် ။ သူကတော့ အဲ့ဒါမျိုးတွေ ဝါသနာမပါသဖြင့် ဘယ်တော့မှ မလိုက်။ အခုလည်း မွေးနေ့လက်ဆောင်ပေးစရာ ရှိလို့သာ ဒီကောင်တွေကို ဆရာတင်ပြီး လိုက်လာခဲ့ရခြင်းဖြစ်သည် ။

"နေပါဦး ... ကသစ်မွေးနေ့ကို မင်းတို့ ကရော ဘာမှ မပေးတော့ဘူးလား"

သူ့စကားကို ရဲခိုင်နှင့် လင်းသော်က ကိုယ်စီပခုံးတွန့်ပြကြသည် ။

"မင်းပေးမှာ ပဲ ငါတို့ က ပေးစရာလိုသေးလို့ လား"

"အင်းလေ... ကသစ်ကလည်း မင်းဆီက လက်ဆောင်ပဲ လိုချင်မှာပေါ့"

"ဘာမှ မဆိုင်ဘူး မျောက်နှစ်ကောင်။ မင်းတို့ လည်း သူကျွေးတာကို မြိုမှာ ဆို့မှာ မဟုတ်လား။ မင်းတို့ ကမှ ငါ့ထက်ပိုဆွဲကြဦးမှာ ...

မင်းတို့ မရှက်ရင်တော့ မပေးကြနဲ့ ပေါ့ကွာ"

'ဟေ့ကောင် ... သိပ်နာပြမနေနဲ့ ၊ အားလုံးစီစဉ်ပြီးသား။

မင်းလို မွေးနေ့ရှိတဲ့ နေ့ကျမှ အူယားဖားယား ပြေးဝယ်နေတဲ့ သူမျိုး မဟုတ်ဘူး "

"အေးလေ"

သူ့သူငယ်ချင်းတွေရဲ့ စကားကြောင့် သူက တစ်ဖက်သို့လှည့်ကာ အသာလေး ကျိတ်ပြုံးမိလေသည် ။ ပြောရမယ်ဆိုလျှင် ကသစ်ကြည်ဆိုသော ကောင်မလေးရဲ့ မွေးနေ့ကို ကောင်မလေးက နေ့တိုင်းဖုန်းဆက်ပြောနေခြင်းကြောင့် သာ သူက မမေ့ခြင်းဖြစ်သည် ။ ဒါတောင် မွေးနေ့

လက်ဆောင်ကို ဘာပေးရမလဲဆိုတာ တော်တော်ဦးနှောက်ခြောက်ခဲ့ရသေးသည် ။

ဦးနှောက်ခြောက်တယ် ဆိုတာကလည်း ပေးစရာတွေများ လွန်းလို့ ဦးနှောက်ခြောက်ရတာမဟုတ်ချေ။ မွေးနေ့လက်ဆောင်ရဲ့ အဓိပ္ပါယ်ဟာ ဘယ်လိုအဓိပ္ပာယ် မပေါက်သည့် ရိုးရိုးမွေးနေ့လက်ဆောင်တစ်ခု ဖြစ်စေချင်၍ နောက်ဆုံးတော့ မွေးနေ့ရှင်ကပဲ လိုလိုလားလား တောင်းဆိုသည့် အရုပ်အကြီးကြီးတစ်ခု ဝယ်ပေးဖို့ ပဲ ဖြစ်လာသည် ။

ဒါကိုလည်း နေ့ရွှေ့ ညရွှေ့နှင့် တော်တော်နဲ့ မဝယ်ဖြစ်ခဲ့ချေ။ နောက်ဆုံး မွေးနေ့ကျင်းပမယ့်ရက် ရောက်တော့မှ ပဲ သူမှာ ကမန်းကတန်း ပြေးဝယ်ရတာဖြစ်သည် ။ ဒါတောင် သူဟာ ကသစ်ကို ဝယ်ပြီးပါပြီဟု အခါနှစ်ဆယ်လောက် လိမ်ထားခဲ့သူဖြစ်ပါသည် ။

"ရောက်ပြီ ... ဟိုမှာ "

လင်းသော်က မလှမ်းမကမ်းမှာ မြင်နေရသော အရုပ်ဆိုင်ကို လှမ်းပြသည် ။ အရုပ်ဆိုင်ထဲသို့ရောက်လျှင် သူကအရုပ်ကြီး၊ အရုပ်လတ်၊ အရုပ်ငယ်တို့ ကို ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရှုလျှင် အရောင်းဝန်ထမ်း မိန်းကလေးက အနားသို့ ရောက်လာကာ ...

"ဘယ်လိုအရုပ်မျိုး အလိုရှိပါသလဲရှင်"

သူက လှည့်ကြည့်လိုက်သောအခါ ဝန်ထမ်း ကောင်မလေးက နားလည်မှုဖြင့် ပြုံးပြသည် ။ အင်းပေါ့လေ ... သူတို့ ယောကျ်ားလေးမျိုးဟာ အရုပ်ကြိုက်တတ်တဲ့ သူတွေမှ မဟုတ် ဘယ်ယောကျ်ားလေးကမှ တော့ ကိုယ့်အခန်းထဲမှာ ထားဖို့ လာဝယ်မည်ဟု မထင်။

လာဝယ်သော်လည်း ကိုယ့်အတွက် မဟုတ်သည့် သူတို့လို အူ

ကျောင်ကြားသမားတွေကို ဒီမိန်းကလေးက အတွေ့အကြုံရှိဟန် တူပါသည် ။

"ဟိုဟာလေ ... Pooh အရုပ်လို့ ပြောတယ်"

'သြော် ... ဟုတ်ကဲ့။ ရှိပါတယ်ရှင် ဘယ်လောက်ဆိုက်ဇ်မျိုး လိုချင်လို့ ပါသလဲရှင်"

"အကြီးဆုံးပဲ"

"ဟုတ်ကဲ့ ... ဒီဘက်ကို လာပါနော်"

သူက မိန်းကလေးခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့လျှင် တစ်နေရာအရောက်မှာ ဖြူဖွေးဆွတ်နေသော ခွေးရုပ်ကြီး တစ်ရုပ်ကို သွားမြင်သည် ။ ဝါတာတာ Pooh အရုပ်ကြီးနှင့် စာလျှင် ဖြူဖွေးအိပုံ့နေသော ခွေးရုပ်ကြီးက သူ့မျက်လုံးထဲ၌ ပိုချစ်ဖို့ ကောင်းသည် ဟု ထင်သည် ။ သူ့အကြိုက်ဆိုလျှင် ကသစ်ကလည်း ငြင်းမှာ မဟုတ်ချေ။ ပိုတောင်သဘောကျနိုင်သည် မို့ ...

"ခဏ ...ခဏလေး၊ ဒီအရုပ်ကရော"

သြော် ... ဒါကတော့ Pooh နဲ့ အသားချင်း မတူဘူး။

သူက နည်းနည်းနုတယ်၊ အိပ်ခန်းထဲတို့ ဗီရိုထဲထို့ ထည့်ထားမှ ပဲကောင်းတယ် ...

လှတာတော့ အရမ်းလှတယ်"

"ဟုတ်တယ်နော် ... အရမ်းလှတယ်"

သူ့အပြောကို မိန်းကလေးက ပြုံးပြီးခေါင်းညိတ်ပြသည် ။ သူသည် P

ooh အရုပ်နှင့် ခွေးရုပ်ကြီးအကြား ဘယ်ဟာကိုယူရမှန်း မသိဘဲ ဝေခွဲမရ ဖြစ်နေသည် ။ အရေးထဲမှာ နေရာတကာ ဝင်ပါချင်ကြသော ဟိုနှစ်ကောင်ဟာလည်း ကားထဲချိတ်ဖို့ ဆိုတာ အရုပ်အသေးတွေကို ရွေးနေကြသေးတာမို့ အားကိုးလို့ မရ။

"ဘာဘီထဲကရော မကြိုက်ဘူးလား၊ အခုခေတ် ကောင်မလေး တော်တော်များများက ဘာဘီလည်း ကြိုက်ကြတယ် ...

ခွေးရုပ်ကတော့ သူက အထီး အမ နှစ်မျိုးရှိတယ်နော်"

"ဟုတ်လား ... အဲ့ဒီလိုလား"

"အင်းပေါ့ ... အမ,လေးက နဖူးမှာ ဖဲပြားနဲ့ လေ"

"ဟား ... အရုပ်ကလည်း စုံနေတာပဲ"

"နှစ်ကောင်လုံး ယူလိုက်ပေါ့"

"တစ်ကောင်ဝယ်ရင် တစ်ကောင် အဆစ်ထည့်ပေးပေါ့"

သူ့အပြောကို ဆိုင်ကမိန်းကလေးက အသာရယ်မောနေသည် ။ အဲဒီအချိန်မှာ ပဲ ချိုလွင်သော အသံလေးနှင့် အတူ ကောင်မလေးတစ်ယောက်က သူ့ဘေးသို့ ရောက်လာခဲ့သည် ။

"ချောစုရေ ... ခေး မှာ ထားတာရပြီလား"

"သြော် ... ရပါပြီ။ ကေးကေးရော မပါဘူးလား"

"ပါပ့ါ ... လျှောစီးချင်လို့ တဲ့ ဆိုလို့ ကစားတဲ့ ဘက် ခဏထားခဲ့တယ်
။

သူက ထူးခြားသောအသံရှိသည့် ကောင်မလေးကို မသိမသာ ငဲ့ကြည့်မိသည် ။ ကောင်မလေးကတော့ သူ့ကို ကြည့်မနေပါ။ အရုပ်တွေကို

သာ လိုက်ငေးနေသည် ။ ဒေါက်ဖိနပ်စီးထားသဖြင့် သူနဲ့ မတိမ်းမယိမ်း ဖြစ်နေသော ကောင်မလေးသည် ရှေ့ဆံပင်လေးတွေက နဖူးပေါ်ဝဲကျ နေလျက် နားရွက်နား၊ လည်ကုပ်နားက ဆံပင်တို့ မှာ အလန် အလန် လေးတွေဖြစ်လျက် အဲဒီ အလန်အဖျားအနားတွေမှာ ရွှေညိုရောင် ဟိုက် လိုက်ချ်လိုက်ဖောက်ထားသည် ။

နားကွင်းအဝိုင်းကြီးကို ဆွဲထားလျက် ပန်းနုရောင် တီရှပ်အကျပ်မှာ ကျောဘက်၌ ကြက်ခြေခတ်အပေါက်တွေက ပါလိုက်သေးသည် ။ အောက်က ဒူးဖူးရုံဂျင်းစကတ်အတိုဖြင့် မြင်လိုက်တာနဲ့ အလန်းစားမိန်းက လေးဆိုတာ သိသာစေသည် ။ သို့သော် အဲဒီအလန်းစားတွေကို တည်ငြိမ်သွားသယောင်၊ ခေတ်မီတယ်ဟူ၍ သာ ပြောရရုံဖြစ်သွားစေ တာက သူမရဲ့ မျက်နှာကြောင့် ပဲ ဖြစ်ပါသည် ။

သူမရဲ့ မျက်နှာလေးမှာ သူ့ထက်ပင် နုနယ်သယောင်ရှိသော်လည်း တည်ငြိမ်လွန်းသည့် မျက်နှာထားနှင့် ဖြစ်သည် ။ မျက်လုံးတွေက ဘယ် ကိုမှ မကစားဘဲ အေးအေးဆေးဆေးရှိသဖြင့် သူသည် ဒီမိန်းကလေးကို မြင်တာနဲ့ သဘောကျသွားရသည် ။

ဒါကြောင့် အရုပ်ရွေးခိုင်းဖို့ ပါးစပ်ပြင်နေတုန်းမှာ ပဲ သူမက ဆိုင်က မိန်းကလေးကို စကားလှမ်းပြောပြန်သည် ။

"အိတ်နဲ့ မထည့်နဲ့ တော့ ချောစု။ ခေး ဒီအတိုင်းပဲ ကိုင်သွားမယ်၊ ကေးက ကားပေါ်ကျရင် ကိုင်ချင်နေဦးမှာ "

ခေး ... တဲ့ ။ ကေး ... တဲ့ ။ ကာရန်တူလှသော နာမည်နှစ်လုံးကြောင့် သူက စိတ်ဝင်တစား နားထောင်နေတုန်းမှာ ပဲ ဆိုင်ကကောင်မလေး က အနားသို့ ရောက်လာကာ သူမရဲ့ လက်ထဲသို့ ခွေးရုပ်ကြီးကို ထည့် ပေးသည် ။ သူက ခွေးရုပ်ကြီးကို ငဲ့ကြည့်ကာ ...

"ဒါက အထီးပေါ့နော်၊ ကျွန်တော့်ကိုလည်း အထီးပဲပေးပါ"

"ဩော် … အထီးက ဒီတစ်ကောင်တည်း ကျန်တော့တာ။ အမ,လေးပဲ ရှိတော့မယ်"

"ဗျာ … အထီးလိုချင်တာကလေ"

သူမဆိုသော ခေးက သူ့ကို အသာငဲ့ကြည့်ကာ ပြုံးယောင်သမ်းသွားသည် ။ အဲဒီမျက်နှာပေးကို သူက တကယ်နှစ်ခြိုက်သွားပါသည် ။ သို့သော် ဆိုင်ဝန်ထမ်း မိန်းကလေးကတော့ အားတုံ့အားနာပုံစံမျိုးဖြင့် …

"ဒါဆို နောက်နှစ်ရက်လောက် စောင့်ပါလားဟင်။ ဒီမှာ က အမ,တွေပဲ ကျန်တော့လို့ ပါ"

"အာ … ဘတ်ဒေးက ဒီနေ့ဗျ"

"ဟောတော့"

သူက ခေါင်းကို အသာရမ်းကာ သူမကိုကြည့်လိုက်သည် ။ သူမက ပြုံးစစမျက်နှာပေးဖြင့် အရုပ်ကြီးကို ကောက်ပွေ့သည် ။ ဆိုင်က ကောင်မလေးကိုလည်း နှုတ်ဆက်သည် ။ သူသည် အရဲစွန့်ကာဖြင့် …

"ဒီ … ဒီမှာ ခင်ဗျ"

သူမက ဘာပါလိမ့်ဟူသော ပုံစံဖြင့် သူ့ကိုကြည့်သည် ။ သူသည် တည့်တည့်ကြည့်ခွင့်ရမှ လဝန်းလိုဖြစ်နေသောမျက်နှာကို ငေးမိငေးရာ ငေးလျက် …

"ဟို … ဒီက အရုပ်က အရေးမကြီးဘူး ဆိုရင်လေ ခဏလောက် ထားခဲ့ပေးလို့ မရဘူးလားဟင် …

ကျွန်တော် ဒီနေ့ မွေးနေ့လက်ဆောင် ပေးစရာရှိလို့ ပါ"

သူမက သူ့ကို လှောင်ပြုံးဆန်ဆန် ပြုံးကြည့်ကာ "ဘယ်ဖြစ်မလဲ" ဟု ပြန်ပြောသည် ။ အဲဒီအချိန်မှာ ပဲ ရဲခိုင် နှင့် လင်းသော်တို့ က အနားသို့ ရောက်လာကြကာ စွဲမက်ဖို့ ကောင်းသော သူမနှင့် သူ့ကို အကဲတခတ်ခ တ်နဲ့ ရှိကြသည် ။

"ဟို ... တတ်နိုင်ရင် ကူညီပါဗျာ"

သူမက နှုတ်ခမ်းကိုချွန်ပြီးပြုံးကာ ခေါင်းကိုဖြည်းဖြည်းချင်း ခါယမ်း ပြပါသည် ။ ဒါကို ရဲခိုင်တို့ ကပါ မစားရ အညှော်ခံ ဝိုင်းပြီးငေးကြသည် ။ သူမက စကားတောင်ပြန်မပြောတော့ပဲ အရုပ်ကို ကောက်ပွေ့ကာ ဆိုင်ထဲမှ လှည့်ထွက်ဖို့ ပြင်သည် ။

သူသည် ရုတ်တရက်မို့ ပါးစပ်က လွှတ်ခနဲပင်...

"ခေး"

သူ့ခေါ်သံကြောင့် သူမက ကျောခိုင်းနေရာမှ ဖျတ်ခနဲ ခါးကိုလိမ်ကာ လှည့်ကြည့်သည် ။ အရုပ်ကြီးကို ခါးပေါ်မှ တစောင်းတင်ထားလျက် က လေးတစ်ယောက်ကို ခါးထစ်ခွင်ချီသလို ချီထားသော သူမရဲ့ ပုံစံသည် သူ့မျက်လုံးထဲ၌ စူးနင့်စွာ စိုက်ဝင်ပြီးနေသည် ။ သူမရဲ့ ပုံစံဟာ ဘယ်လို စတိုင်လ်မိုက်နေမှန်းကို မသိရပါ။ သူမဟာ မော်ဒယ်လ်များ လား။ ဒါလ ည်း မဖြစ်နိုင်။ အဲဒီလောကနဲ့ မစိမ်းသောသူက သူမသာ မျက်နှာသစ် မော်ဒယ်လ်တစ်ယောက် ဖြစ်စေဦး မသိနိုင်စရာအကြောင်း မရှိပါ။ ပြီး တော့ မော်ဒယ်လ် ခေးဆိုတာကိုလည်း မကြားဖူးချေ။

"ရှင် ကျွန်မကို သိလို့ လား"

သူက ကြောင်အမ်းအမ်းနှင့် ပင်။

"ဟို မသိပါဘူး၊ ဒါ... ဒါပေ ..."

သူ့စကားတောင် မဆုံးသေးချေ။ သူကဖြတ်ပြောလေသည် ။

"မသိရင် မခေါ်နဲ့ ။ ဒီအရုပ်က ကျွန်မ မှာ ထားတာတစ်ပတ်ကြာပြီ။ ဝီရိယမရှိဘဲနဲ့ မျက်နှာကောင်း လိုချင်မနေနဲ့ "

ဟမ် ... ဘာတွေ ပြောသွားတာလဲ။ သူပင် နားမလည်နိုင် ရှိတုန်းမှာပဲ သူမက ချာခနဲ ပြန်လှည့်ထွက်သွားသည် ။ သူ့ပုခုံးကို ရဲခိုင်က တိုက်ပစ်ရင်း ...

"တွေ့တယ် မဟုတ်လား။ မင်းအကြောင်းကို အခုမှ တွေ့တဲ့ လူတောင် သိတယ်။ ကဲပါကွာ ... အရုပ်လိုချင်တာကနည်းနည်း၊ လူကို အကြံအဖန်လုပ်ချင်နေတာက များများ ဆိုတာ မသိတာမှတ်လို့ ...

ဟိုမှာ ကျန်တဲ့ အမ,လေးပဲ ,ယူလိုက်တော့"

သူက ဘာမှ မတတ်နိုင်ဘဲ ခွေးရုပ်မကြီးကိုသာ ယူလိုက်ရလေသည် ။

ဆိုင်က မိန်းကလေးကတော့ အားနာနေသည့် ပုံစံရှိသည် ။ သူ့ကိုလည်း မမေးရပါဘဲနှင့် ရှင်းပြရှာပါသည် ။

"ကျွန်မက သိအောင်လို့ အထီး အမ ခွဲပြောလိုက်တာပါ။ အထီးက လူကြိုက်နည်းတော့ တင်တာနည်းတယ်လေ။ ဒါတောင် မှာ ပေးထားရတာ"

သူက ပိုက်ဆံတွေကို ရေတွက်ပေးရင်းမှ ...

"ကိစ္စမရှိပါဘူး၊ သူက ခဗျားတို့ ဆိုင်ရဲ့ ကက်စတန်မာလား"

"ရှင် ... ဟုတ်ကဲ့"

"အရုပ်တော်တော်ကြိုက်တယ်နဲ့ တူတယ်နော်"

သူ့စကားကို မိန်းကလေးက ပြုံးကာ ...

"သူ့တူလေးက အမြဲတမ်း ပူဆာလို့ ပါ"

"ဪ"

အဲဒီတော့မှ ပဲ သူက အရုပ်ကြီးကို စိတ်ဖြောင့်လက်ဖြောင့်ဖြင့်ပွေ့ကာ အဲဒီဆိုင်ထဲမှ ထွက်ခွာလာခဲ့သည် ။ အောက်ထပ်ကားပါကင်သို့ ရောက်လျှင် တစ်ဖက်အပေါက်ဝကနေပြီး လမ်းလျှောက်ထွက်လာသော သူမကို ထပ်တွေ့ရပြန်သည် ။ ဒီတစ်ခါတော့ သူမတစ်ယောက်တည်း မဟုတ်တော့ပါ။ လေး ..ငါးနှစ်သားအရွယ် ကလေးတစ်ယောက်ပါပါသည် ။ သူမက အရုပ်ကြီးကို လက်တစ်ဖက်က ခါးစောင်းတင်ပွေ့ထားကာ ကလေးလေးကို လက်တစ်ဖက်က ဆွဲထားသည် ။

သူမလိုပဲ ကလေးလေးကလည်း ရုပ်ရည်သန့်ပြန့်ကာ အင်မတန် ချစ်စရာကောင်းပါသည် ။ တခြားကောင်မလေးတွေရဲ့ ရှော့ပင်းထွက်ပုံတွေနဲ့ ထူးခြားကွဲပြားကာ ချစ်သောတူလေးတစ်ယောက်ကို ယုယအလိုလိုက်နေပုံသည် သူ့မျက်လုံးထဲမှာ တော့ တစ်မျိုးသစ်နေသည် ။

"ဟော့ကောင် ... သွားမယ်လေကွာ"

ရဲခိုင်က နှိုးဆော်တော့မှ ပင် သူက ကားပေါ်တက်ဖို့ ပြင်လိုက်သည် ။ အဲဒီကျမှ ပဲ ဒီဘက်သို့ ရောက် လာပြီဖြစ်သော သူမက သူ့ကို လှမ်းလို့ မြင်တွေ့သွားသည် ။ သူက အသိအမှတ်ပြုသလို တစ်ချက်ပြုံးပြလိုက်သော်လည်း သူမက အရေးမပါလေဟန်ဖြင့် မျက်နှာကိုမော့ကြည့်ကာ တစ်ဖက်သို့ လှည့်သွားလေသည် ။ သူက ပြုံးရင်းနဲ့ ကားပေါ်တက်လိုက်သည် ။ သူတို့ အခြင်းအရာတွေကို မြင်သော ရဲခိုင်က ...

"ဘာလဲ ... ကားနောက်က လိုက်ဦးမလို့ လား"

"မလိုက်ပါဘူးကွာ၊ ကံမကုန်ရင် ပြန်ဆုံမှာ ပေါ့"

နောက်တစ်ခါ ထပ်တွေ့ရင်တော့ သူဟာ ခေးဆိုသော နာမည်နှင့် သူမကို ခင်မင်ခွင့် ရချင်ပါသည် ။ တော်တန်ရုံ မိန်းကလေးကို စိတ်မတင်စားတတ်သော သူ့ရဲ့ စိတ်ဝင်စားမှုကို ရယူနိုင်လေသော သူမကို သူ့ကဏ ထဲတွင် နေရာတစ်ခုပေးကြည့်ချင်သည် ။

အဲဒီနေ့ညနေမှာ ကျင်းပသော ကသစ်ရဲ့ မွေးနေ့ပွဲတွင် သူက ကသစ်ကို အရုပ်လက်ဆောင်ပေးသောအခါ သူ ထင်သလိုပဲ ကသစ်က အတော်လေး ကြိုက်နှစ်သက်ခဲ့သည် ။ သူကတော့ ခွေးရုပ်အထီးကို ခါးမှာ ခါးထစ်ခွချီသွားသော ဟော့တ်ရှော့တ် ကောင်မလေးတစ်ယောက်ကိုသာ ထူးထူးခြားခြား သတိရနေခဲ့ပါသည် ။

***

(၂)

"တောက် ... ဒီကောင်တွေ မိုက်ရိုင်းလွန်းတယ်ကွာ"

လင်းသော်က ကားသော့ကို စားပွဲပေါ် ပစ်ချလိုက်ရင်းမှ ရောက်ရောက်ချင်း ဆိုလိုက်လျှင် သူက စာရင်းတွေစစ်နေရာမှ တစ်ချက်မော့ကြည့်မိသည် ။ စာရင်းစစ်တုန်း တန်းလန်းကြီးမို့ အာရုံမပျံ့ရဲချေ။ စာရင်းတွေ မှားသွားပါက ဒုက္ခရောက်ရမည့် သူမှာ သူ့အဖေ မဟုတ်ဘဲ သူသာလျှင် ဖြစ်သည် ။

"ခဏထိုင်ဦးကွာ၊ တစ်ခုခု သောက်ထားနှင့် လေ"

လင်းသော်က သူ့ရုံးခန်းထဲရှိ ရေခဲသေတ္တာအသေးလေးထဲမှ ကုတ်ဒ် တစ်ဘူးကို သွားယူကာ ဖွင့်ဖောက်ရင်း တစ်ရှိန်ထိုး မော့သောက်နေသည် ။ ခဏကြာသောအခါ နောက်တစ်ယောက်ဖြစ်သူ ရဲခိုင်ပါ ရောက်လို့ လာသည် ။ သိပ်မကြာခင်မှာ ပဲ သူ့စာရင်းတွေအားလုံး ပြီးစီးသွားသဖြင့် သူက ကွန်ပျူတာကို ပိတ်ရင်းမှ ...

"ကဲ ... လင်းသော်၊ မင်း ဘာဖြစ်လာတယ် ဆိုတာကို ပြောစမ်းပါဦး"

"ငါ ဟိုကောင်နဲ့ တွေ့ခဲ့တယ်"

"ဘယ်သူလဲ ... မောင်မောင်လား"

"ဟုတ်တယ်၊ ကိုမြင့်ဦး ဆိုင်မှာ ငါ့ကား ရှော့ဘားသွားပြင်ရင်းနဲ့

တွေ့လာတာ"

"မင်းကို ဘာပြောလွှတ်လိုက်လို့ လဲ"

အဲ့ဒီစကားကို သူ့ကိုယ်စား ရဲခိုင်က ဝင်မေးပေးတာဖြစ်သည် ။ ဒီအချိန်မှာ အလုပ်အားလုံး လက်စသတ်ပြီးပြီမို့ သူကကွန်ပျူတာရှေ့မှ ဖယ်ကာ လင်းသော်တို့ ထိုင်နေရာသို့ လျှောက်လာခဲ့သည် ။ လင်းသော်က ကုတ်ဒ်ဘူးကို မော့နေရာမှ ဖယ်ကာ သူ့ကိုကြည့်ရင်း ...

"မင်း ကသစ်ကို တကယ်ဆိုရင်လည်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား လုပ်တော့ကွာ ...

အခုတော့ သူငယ်ချင်းမက ရည်းစားမကျနဲ့ ဘာမှန်းလဲမသိဘူး"

သူက လင်းသော်ရဲ့ လက်ထဲမှ ကုတ်ဒ်ဘူးကို ဆွဲယူမော့လိုက်ရင်း လင်းသော် ထိုင်နေသော ဆိုဖာပေါ်သို့ ခြေထောက်တစ်ဖက်တင်လျက် လင်းသော်ရဲ့ မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ...

"သူငယ်ချင်းမက ရည်းစားမကျဆိုတဲ့ ပတ်သက်မှုမှာ ခေါင်းစဉ်ရှိတယ်ကွ ...

ဘာလဲ ... သိလား"

"အီစီကလီပေ့ါ"

သူ့မေးခွန်းကို လင်းသော်ရဲ့ အစား ရဲခိုင်က ဝင်ဖြေပေးသည် ။ သူက ရဲခိုင်ကို လည်ပြန်ဘုည့်ကြည့်ရင်းမှ ခေါင်းကိုခါယမ်းပြလိုက်သည် ။

" မဟုတ်ဘူး ၊ အဲ့ဒါကို girlfriend လို့ ခေါ်တယ်"

သူ့ရဲ့ အေးအေးဆေးဆေး ပုံစံကို လင်းသော်က စိတ်မရှည်လာတော့ ဟန်ဖြင့် ...

"ဟေ့ကောင် ... ဘယ်လိုပဲခေါ်ခေါ်ကွာ အဓိက,က မင်းနဲ့ ကသစ်တို့ တရားဝင် ရည်းစား မဟုတ်ဘူး မလား။ ဒါပေမဲ့ မင်းတို့ ကြည့်ရင်တော့ ရည်းစားတွေလိုပဲ ...

အဲ့ဒါကလည်း မင်းဘက်က ပြဿနာရှိနေတော့ ကသစ်ဘက်က တော့အငြိမ်ပဲ"

"ကဲ ... အခု ဘာဖြစ်နေလို့ လဲ မောင်လင်းသော်ရာ"

"ဘာဖြစ်ရမှာ လဲကွာ၊ ရှုးသွပ်နေတာလဲ မင်း အသိပဲ။ မင်းရှိနေ တော့ ကသစ်အနားကို ကပ်လို့ မှ မရတာ"

"ဘာဆိုင်လဲကွာ၊ သူလည်း သူကြိုက်ရင် လိုက်ပေ့ါ။ အဖြေတောင်း ပေ့ါ၊ ငါက ဘာပြောနေလို့ လဲ"

"ဟ ... မင်းက ဘာမှ မပြောပေမဲ့ ဒီကောင်တွေက ယောက်ျားစိတ် ဓာတ် အပြည့်ရှိတဲ့ ကောင်တွေမှ မဟုတ်တာ၊ မည်းမည်းမြင်ရာ လိုက် ဆွဲနေတဲ့ ခွေးရူးလိုကောင်တွေပဲ ...

အခုလည်း ငါ့ကို ဝပ်ရှော့မှာ သက်သက်ကြီးချဲလင့် လုပ်သွားတာ၊ ကောက်ရိုးပုံစောင့်တဲ့ ကောင်တွေ ဘာတွေနဲ့ တောက် ...ဘလိုင်းကြီး ကွာ"

သူက သွေးကြီးနေသော လင်းသော်ရဲ့ ပခုံးကို တစ်ချက် နှစ်ချက် ပုတ်ကာ ...

"စိတ်လျှော့ပါ သယ်ရင်းရာ၊ စိတ်လျှော့ပါ"

"ဟေ့ကောင် ... ဘာမှ တရားလာချမနေနဲ့ ၊ မင်းကတော့လျှော့နိုင် မှာ ပေ့ါ၊ ကသစ်နဲ့ အငြိမ်ချည်ထားနိုင်တာကိုး။ ငါတို့ မှာ တော့ ကြားထဲ က ကျွန်ဝယ်ရာ အဆစ်ပါနေရတာ ...

ကဲ ... ငါ မေးစမ်းပါရစေဦး၊ မင်းက ကသစ်ကို ဘယ်လိုများ သဘောထားနေတုန်း"

သူက လင်းသော်ရဲ့ မေးခွန်းကို အလေးထားဟန်ဖြင့် ချက်ချင်းမဖြေသေးဘဲ မျက်ဝန်းများကို မှေးစင်းကာ စဉ်းစားလိုက်သည် ။ အဲဒီအခါတွင် သူ့ရဲ့ မြင်လွှာထဲ၌ ကသစ်ရဲ့ ပုံရိပ်တို့ က ထင်ပေါ်ဝင်ရောက်လို့ လာလေသည် ။ ကသစ်ကြည် ဆိုသော ကောင်မလေးသည် သူ့အစ်မ ယုဝတီနှင့် ပတ်သက်ပြီး သိကျွမ်းခဲ့ရသော ကောင်မလေးဖြစ်သည် ။

ကျောလယ်လောက်ရှိသော ဆံပင်ဖြောင့်စင်းစင်း၊ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးပြူးပြူးနှင့် ကောင်မလေးသည် အချောအလှကြီး မဟုတ်သော်လည်း ခေတ်ကောင်မလေး ပီသစွာဖြင့် ဒီဇိုင်းသွက်ကာ စိတ်ဝင်စားဖို့ကောင်းသူ  ဖြစ်သည် ။ ပြီးတော့ သူ့အပေါ်မှာ လည်း သံယောဇဉ်ပိုသူလေး ဖြစ်ပါသည် ။

ဒါဆို သူကရော ...။ သူကလည်း ကသစ်ကို သံယောဇဉ်ရှိသည် ဟု ထင်သည် ။ သို့သော် သံယောဇဉ်နှင့် အချစ်ကို မမှားတတ်ပါ။ ဒါကြောင့် သူနဲ့ ကသစ်သည် ပိုနေမြဲ ကျားနေမြဲ သူ့ဘက်ကတော့ ဘာမှ မပြောင်းလဲခဲ့ချေ။

"ဘယ်လိုသဘောထားရမှာ တုန်းကွာ၊ သူငယ်ချင်းလေးပါတဲ့ ... ပေါ့
"

"သူငယ်ချင်းလေးပါတဲ့ ... သူငယ်ချင်းလေးပဲတဲ့ ကွယ် ...

ဒီလိုအကြိမ်ကြိမ် အခါခါပြောပါတယ် ... ချစ်ရသူရယ်"

ရဲခိုင်က သူ့ကို ပြောင်စပ်စပ်ဖြင့် သီချင်းစောင်းဆိုပြသည် ။

လင်းသော်ကတော့ မျက်စောင်းကြီး ရွှယ်သည် ။ ရွှယ်မှာ ပေါ့ သူက

ကသစ်နဲ့ အမျိုးစပ်လို့ ရရင် တော်လို့ ရတဲ့ သူကိုး။

"သူငယ်ချင်းလေးပါလို့ မပြောလို့ ဘယ်လိုပြောရမှာ လဲကွာ၊ တို့ ယောက်ျားလေးတွေရဲ့ ဘဝက တကယ်တော့သနားစရာ ကောင်းပါ တယ်"

"အောင်မယ် ... လာသေးတယ်"

"မဟုတ်လို့ လား၊ မိန်းကလေးတွေကို ယောက်ျားလေးတွေက ဇွတ် လိုက်လို့ ဟိုက ခပ်ကြမ်းကြမ်း တုံ့ပြန်ရင်သာ ပြဿနာမရှိတာ ...

ငါတို့ ကျတော့ လိုက်လိုက်လျောလျော ပြန်ဆက်ဆံရတယ်လေကွာ၊ ဒါဟာ ကြင်နာတတ်တဲ့ ယောက်ျားကောင်းတို့ ရဲ့ ပြယုဂ်ပဲ မဟုတ်လား"

"ဟွန်း ... နစ်နာဦးမဲ့ ပြယုဂ်ကြီးပဲ"

"အမယ်လေးကွာ၊ ငါ့ကို သူက ဂျီကျနေတာက ပိုဆိုးတာပါ၊ တော် ကြာ ဘာ၊ တော်ကြာ ညာ၊ တော်ကြာ ဘယ်လိုလိုက်ပို့ပေးဦး၊ တော်ကြာ ဘယ်လာကြိုဦးနဲ့ ...

စတိတ်ရှိုးလက်မှတ် တန်းစီပေးဦး၊ မပြီးနိုင်တဲ့ ဇာတ်လမ်းတွေနဲ့ "

"ကဲပါကွာ၊ လိုရင်းက မရောက်ဘဲ ဝေ့နေပြန်ပြီ၊ ငါမေးချင်တာ မင်း ကသစ်ကို ချစ်လား မချစ်ဘူးလား ဒါပဲမေးနေတာ"

သူက အေးဆေးသက်သာစွာပြုံးရင်း လင်းသော်ရဲ့ ပခုံးကို တစ်ချက် နှစ်ချက် ညပုတ်လိုက်သည် ။

"လင်းသော်ရာ ဒါကြောင့် လည်း မင်း အခုထိ ရည်းစားမရသေးတာ၊ ငါဟာ ကသစ်ကို ချစ်နေမှ ဖြင့် ဖွင့်မပြောနိုင်ဘဲ မျိုသိပ်ထားစရာ ဘာအ ကြောင်းရှိလို့ လဲကွာ"

လင်းသော်ရဲ့ မျက်နှာသည် သူ့စကားကိုကြားလျှင် မဲ့ထွက်လို့ သွားလေသည် ။

"ဒါဖြင့် မင်းတို့ က ဒီလိုကြီးပဲ ဆက်သွားနေမှာ ပေါ့"

"ဒီလို ဆက်မသွားလို့ ဘယ်လိုသွားရမလဲ။ တချို့ကိစ္စတွေက ခက်တယ်ကွာ၊ အထူးသဖြင့် မိန်းကလေးတွေဘက်က ပိုတဲ့ ကိစ္စမျိုးဆိုရင် ပတ်သက်ဆက်ဆံရတာတွေက အရမ်းခက်ခဲတယ် ...

တစ်ဖက် မိန်းကလေးက နားလည်မှုရှိစွာနဲ့ အေးဆေး ဆိုရင်တော့ တော်သေးတယ်၊ မဟုတ်ရင် တို့ ယောကျ်ားလေးတွေမှာ အရမ်းဒုက္ခရောက်ရတယ်"

"ဟုတ်တယ်ကွ၊ ငါ့အစ်ကိုဆို အရမ်းစွံတာ၊ သူကတော့ အေးဆေးပဲ၊ မိန်းကလေးတွေကိုက ဖုန်းဆက် လိုက်အီဆိုတော့ ဒီခေတ်ယောကျ်ားလေးပဲကွာ ဘုန်းကြီးမှ မဟုတ်တာ။ အကုန်ငြိမကုန်ကြတာပေါ့ ...

အဲဒါတော့ ငါ့မျက်မြင်ကိုယ်တွေ့မို့ ငါလက်ခံတယ် ...မိန်းကလေးတွေ ကိုယ်၌ ကိုက လိုက်ပတ်သက်နေတော့လည်း ရှောင်ရတာတော့ နည်းနည်းခက်တယ်ကွ ... ဟဲ ...ဟဲ

ဒါကြောင့် တို့ ကောင်ကြီး မိုးယုန်က တော်တယ်လို့ ပြောရမယ်"

သူက ရဲခိုင်ရဲ့ စကားကို ပြုံးပြုံးကြီး ခေါင်းညိတ်နေတုန်းမှာ ဘဲစားပွဲပေါ်မှ ဖုန်းက မြည်လာသဖြင့် သွားကိုင်လိုက်ရသည် ။ ဖုန်းဆက်သူမှာ သူ့အစ်မ ယုဝတီ ဖြစ်သည် ။

"ဟဲ့ ... မိုးယုန်၊ ငါပါ"

"အင်း ...ပြော မမ"

"နင် အခု အားလား"

သူက နှာခေါင်းကို ရှုံ့လိုက်သည် ။ ဒီလိုနိမိတ်ပြ မေးခွန်းကို မေးပြီဆိုလျှင် တစ်ခုခုကို ခိုင်းတော့မည်ဆိုတာသဘောပေါက်ရလေသည် ။

"ဟဲ့ ... reason (ဆင်ခြေ)တွေ စဉ်းစားမနေနဲ့ ။ ငါ ဒီမှာ အရေးတကြီး သွားစရာ ပေါ်လာလို့ ဒီဒီ့ကို ကျောင်းသွားကြိုပေးစမ်းပါ"

"အာ ... မမကလည်း ဗျာ၊ ကျောင်းကြိုတာ မိန်းမတွေအလုပ်ပါ"

"ဟဲ့ ... အဲဒါ ဘယ်ပညာရှိက ပြောခဲ့လို့ တုန်း။ ကဲ ...ကြာတယ် ဟယ်၊ နင် အခု သွားကြိုတော့၊ လမ်းပိတ်တာနဲ့ ပွဲငြိမ့်တာနဲ့ အခုချိန် ထွက်မှ အတော်ပဲ ...

နောက်ကျရင် ကလေးက အလကားနေရင်း အားငယ်နေဦးမယ်။ သွား ...သွား ... သွားတော့"

သူ့အစ်မက အနိုင်နဲ့ ပိုင်းကာ သူတောင် ဘာမှ ပြန်မပြောရသေးခင် ဖုန်းကိုချသွားလေသည် ။ သူက ရှုံ့မဲ့ကာ တောက်တစ်ချက်ကို တိုးတိုး ခေါက်ရင်း ဖုန်းကို ဆောင့်ချလိုက်သည် ။ သူ့မျက်နှာရိပ် မျက်နှာကဲကို ကြည့်နေကြသော သူငယ်ချင်းများက ...

"ဘာလဲ ... မင်း တူမလေးကို သွားကြိုရမှာ တဲ့ လား"

"ဟုတ်ပ့ါကွာ၊ မင်းတို့ လိုက်ခဲ့ကြဦးနော်"

သူက မျက်နှာငယ်လေးနှင့် တောင်းဆိုလိုက်လျှင် သူ့သူငယ်ချင်းတွေက နိုင်ကွက်ရသွားသည့် အလား မော်ချီနေသော မျက်နှာထားဖြင့် ...

"အေးလေ ... တခြားနေရာဆို တော်သေး၊ အခုဟာက စိတ်ကျောင်းကြီးကိုများ ဘာမှ ငမ်းစရာမရှိဘူး၊ ကလေးအမေတွေပဲ ရှိတယ် ...

မလိုက်ချင်ဘူး"

သူ့ကောင်တွေကညာ သူ့ကို တမင်ကျပ်နေမှန်း သိသော်လည်း သူ့မှာ မာနမကြီးရဲချေ။ သူ့တူမလေးကို တစ်ယောက်တည်းတော့ ကြောင်တောင်တောင်ကြီးနှင့် သွားမကြိုချင်ပါ။ ကျောင်းကြိုသည့် နေရာတွင် ကလေးအမေများ နှင့် ဒရိုင်ဘာများ သာရှိလျက် အားလုံးက ကိုယ့်အုပ်စု နှင့် ကိုယ်သာရှိကာ အင်မတန် ပျင်းစရာကောင်းသောနေရာတစ်ခုဖြစ်သည် ။

(အထူးသဖြင့် သူတို့လို လူပျိုချောချောလေးများ နှင့် လျှားလျှားမျှ မသင့်တော်သောနေရာဖြစ်ပါသည် ။)

"လာပါကွာ၊ မင်းတို့ ကလည်း အပျင်းပြေပေါ့၊ ဗဟု သုတရပါတယ်"

"ဟော့ကောင် ဘာမှ လာဖောမနေနဲ့ ၊ ကလေးကျောင်းကြိုတာ ဘာဗဟု သုတ ရ,ရမှာ လဲ ...

ကိုယ်တို့ က လူပျိုနုနုထွတ်ထွတ်လေးတွေ၊ ကလေးအဖေလို့ အထင်အလွဲမခံနိုင်ဘူး"

"ကဲပါ ... ဘော်ဒါတို့ ရာ၊ ညှိလိုက်ကြပါတော့၊ ညှိလိုက်တော့"

ဒီတော့မှ သူ့သူငယ်ချင်းတွေက ပြုံးစိစိ ဖြစ်သွားကြကာ ...

"သိပ်ဈေးမကြီးပါဘူး၊ ဆာကူရာတာဝါပေါ်မှာ ကော်ဖီသောက်ရရင်ကျေနပ်ပါပြီ"

"လုပ်ထားကြပေါ့ကွာ"

သူက သွားစေ့ရုံ ကြိမ်းထားရင်းမှ သူငယ်ချင်းများကိုခေါ်ကာ ဒီဒီ့ကို ကြိုဖို့ ကားမောင်းထွက်လာခဲ့သည် ။ သူတို့ က မောင်နှမနှစ်ယောက်

တည်း ရှိသည် ဖြစ်လေရာ သူ့အစ်မ ယုဝတီသည် သူ့ကို အတော်ချစ်သော အစ်မဖြစ်သည် ။ အခုထိလည်း မုန့်ဖိုးပေးတုန်း၊ အဝတ်အစား အသုံးအဆောင် လိုချင်တာ မှန်သမျှ သူ့ယောကျ်ားအတွက်ဝယ်လျှင် သူ့ဖို့ပါ ဝယ်လာတတ်သူဖြစ်လေရာ သူက ဒီအစ်မရဲ့ စကားကို မပယ်ရှားနိုင်ပါ။

ပြီးတော့ ကျောင်းကြိုရမှာ သာ ပျင်းလျက် သူက သူ့တူမလေး ဒီဒီကိုတော့ ချစ်သည် ။ ဒီဒီတို့ ကျောင်းရှေ့သို့ရောက်လျှင် ကားပါကင်နေရာမှာ သိပ်တောင်မရှိတော့။ ကျောင်းကတော့မဆင်းသေးချေ။ သူက ကားကို ပါကင်ထိုးနေတုန်းမှာ ပဲ သူ့အစ်မထံမှ ဖုန်းကထပ်လာပြန်သည် ။

သူ မအားသဖြင့် ရဲခိုင်က ကိုင်ပေးသည် ။

"ဟယ်လို ... မဝတီလား၊ ဟုတ် ... ကျွန်တော်တို့ ကျောင်းရှေ့ကို ရောက်နေပြီ၊ ဟုတ် ... စိတ်ချပါ"

ရဲခိုင်က ဖုန်းပိတ်ပြီးလျှင် သူကလည်း ပါကင်ဝင်၍ ပြီးသွားသည် ။ နာရီကို တစ်ချက်ကြည့်လိုက်လျှင် ကျောင်းဆင်းဖို့ က ဆယ်မိနစ်မျှသာ လိုတော့သည် မို့ သူက ကားပေါ်မှ ဆင်းလိုက်သည် ။ ကျေးဇူးရှင်မလေးကို ကျောင်းရှေ့အပေါက်ဝတည့်တည့်မှာ သွားစောင့်ရဦးတော့မည်။

အဲဒီအချိန်မှာ ပဲ ခပ်ပြင်းပြင်းမောင်းလာသော ကားတစ်စီးဟာ သူ့ဘေးမှာ နေရာလွတ်မှာ ဝင်ရပ်သည် ။ ပါကင်ထိုးတာ၊ နောက်ဆုတ်တာတွေဟာ နေ့တိုင်းလုပ်နေကျ အလုပ်တစ်ခုနှယ် သွက်လက်တိကျကာ ကွက်တိဝင်နေသည့် မို့ သူကတောင် ဘယ်သူပါလိမ့်ဟု စူးစမ်းကြည့်မိသည် အထိပင်။ သို့သော် နေပူသဖြင့် တဘက်ကာထားသောကြောင့် ဘယ်သူဘယ်ဝါဆိုတာ မမြင်ရပါ။

ကျွတ် ... နေကလည်း ပူလိုက်တာ။ သူက စိတ်ထဲမှ ညည်းညူနေတု

န်းမှာ ပင် ကားတံခါးတစ်ဖက်က ဖျတ်ခနဲပွင့်လာကာ လက်ဖြူဖြူဖွေး ဖွေး တစ်ဖက်က ထီးတစ်လက်ကို ထောင်ကိုင်လျက် ဖြောင်းခနဲ ဖွင့် လိုက်သည် ။

ပြာလွင်နေသော ထီးကြီးဟာ လူနှစ်ယောက်လောက်ကို ကောင်း ကောင်း လုံသော ထီးကြီးဖြစ်လျက် သူပင်အားကျသွားရသည် ။

ဟုတ်သားပဲ။ နေက တကယ့်ကို အချိန်ကောင်းပူနေတာပဲကိုး။ အဲဒီ နောက်မှာ တော့ နေထိမှာ ကို အင်မတန်စိုးရွံ့သော အမျိုးသမီးဟာ ထီး ကိုကွယ်ပြုပြီးတော့မှ ကားကိုသော့ပိတ်ကာ အပြင်ဘက်သို့ ထွက်လျှော က်လို့ လာသည် ။ အညိုရောင်ဖျော့ဖျော့ ဆံနွယ်မှာ အဖျားအနားက အ လန်လေးတွေကို ရွှေညိုရောင်ဟိုက်လိုက်ဖောက်ထားသော ဆံပင် ပိုင်ရှင်၊ အဖြူရောင်တီရှပ်အတိုလေးကို အစိမ်းနုရောင်ဖျော့ဖျော့လေးဖြ စ်သော သရီးကွာတားဘောင်းဘီတိုလေးဖြင့် တွဲဖက်ဝတ်ဆင်ထားသော ဖက်ရှင်ကောင်မလေးကိုမြင်လျှင် သူ့ရဲ့ မျက်ခုံးအစွန်မှာ အပေါ်သို့ပင့်တ က်သွားရသည် ။

"ခေး"

သူ့နှုတ်ခမ်းမှ အဲ့ဒီအသံဟာ လေထွက်ရုံမျှသာ ထွက်သွား သော်လည်း ရင်ထဲမှာ တော့ အကျယ်ကြီးပဲ မြည်ဟီးလို့ သွားသည် ။ ခေးသည် သူ့ကိုမမြင်ပါ၊ သစ်ကုလားအုပ်မလေးလို လည်တိုင်လေးကို မော့ချီကာ ဆတ်တောက် ဆတ်တောက် လျှောက်လို့ သွားသည် ။ ထီး ပြာကြီးရဲ့ အရိပ်ဟာ ခေးရဲ့ တစ်ကိုယ်လုံးကို လုံနေမအောင် ခြုံထား ပေးလျှက် ခေးသည် ကန္တာရထဲက အိုအေစစ်လေးလို မြင်ရသူတိုင်းကို ငြိမ်းချမ်းနေစေသည် ။

ခေး ကြည့်ရတာ တစ်ခါတစ်လေမှ လာကြိုသူလို ကြောင်တောင်

တောင် အမူအရာမျိုး ရှိမနေ။ မန်းဒေး တူ ဖရိုက်ဒေး နေ့တိုင်းလုပ်နေကျ အလုပ်တစ်ခုလို ပေ့ါပါးသွက်လက်ကာ အကျွမ်းတဝင်ရှိနေသည်။ ခေးက နေ့တိုင်း ကျောင်းကြိုရတာလား။ သူ့ရင်ထဲမှာ လိုက်ခနဲ ပျော်သွားလေသည် ။ ကိုရီးယားကားထဲက စကားအတိုင်း လိုက်ပြောရလျှင်တော့ မိုးနတ်မင်းရဲ့ အလိုတော် အတိုင်းပဲပေ့ါ။

သူက မြူးကြွလာသောစိတ်ဖြင့် ခေးရဲ့ နောက်မှာ ကပ်လိုက်လာခဲ့သည် ။ ပြီးတော့...

"ခေး"

သူ့ရဲ့ ခေါ်သံကြောင့် သူမရဲ့ ခြေလှမ်းတွေက တုံ့ခနဲဖြစ်သွားသည် ။ ပြီးတော့ သမင်လည်ပြန်လေး လှည့်ကြည့်လိုက်ပါသည် ။ ခေး လည်ပင်းလေးလိမ်ကာ လှည့်ကြည့်ပုံလေးက တော်တော်မိုက်သည် ။ အထူးသဖြင့် သူ့ကို မျက်မှောင်ကြုတ်ကာ စူးစမ်းပုံလေးက ရုတ်တရက်မမှတ်မိဘူးဆိုတာ သိသာနေစေသည် ။

(ဘာလို့ မမှတ်မိရတာပါလိမ့်၊ ကိုရီးယားမင်းသား ကင်ရေးဝန်နဲ့ တူတဲ့ သူ့ရုပ်ကိုများ ။)

သူက ခေးကို ရိုးရိုးသားသားနဲ့ အကြည်လင်ဆုံး ပြုံးပြလျက် ခေါင်းညွတ်နှုတ်ဆက်လိုက်သည် ။ သူ့မျက်နှာပေါ်တွင် တည်ကြည်လေးနက်ခြင်းအသွင်ကို တတ်နိုင်သမျှ ဆောင်ထားရပါသည် ။ ခေး စိတ်ထဲတွင် လမ်းကြုံလို့ ရောယောရှိဝင်လုပ်သူဟု မထင်စေချင်၍ ဖြစ်သည် ။

"ရှင်က ကျွန်မကို သိလို့ လား"

ခေးက မျက်တောင်လေးကို ပုတ်ခတ် ပုတ်ခတ်ဖြင့် မေးသည် ။ အနီးကပ်ကြည့်တော့မှ မေးရိုးလေး အနည်းငယ်ကားသော ခေးသည် အဲဒီ

မေးရိုးကားလေးကြောင့် ပဲ သူများ ထက် တစ်မူထူးခြားပိုလှကာ ဘိုဆန်သော မျက်နှာပေါက်မျိုးကို ပိုင်ဆိုင်ထားသူဖြစ်သည် ။

"ဟုတ် ... သိတယ်"

"ဟင် ..."

ပေးထားတဲ့ လူကိုတောင် မမှတ်မိဘူးဆိုလျှင် သူက ချော်လဲရောထိုင် လုပ်လိုက်ရမည်လား။ ဒီလိုတော့လည်း မလုပ်ချင်ပေ။ သူမနှင့်ပတ်သက်လာလျှင် သူက အမြဲတမ်း ရိုးသားချင်ပါသည် ။ " မဟုတ်ဘူးခေး။ ကျွန်တော်က ကေးရဲ့ အရုပ်ကို လိုချင်ခဲ့တဲ့ သူပါ"

ကေး ဆိုသော စကားလုံး ပါလာသဖြင့် သူမက နောက်တစ်ခါ မျက်ခုံးပင့်သွားပြန်သည် ။ မှတ်မိလွယ်သော ကာရန်တူ ချစ်စရာနာမည်လေးနှစ်လုံးကို တစ်ပတ်တည်းနဲ့  မေ့သွားရအောင်ထိ သူက မမိုက်မဲသေးပါ ။

"ဟင် ... ဘယ်သူလဲ။ ကေးကိုလည်း သိနေတယ်"

"ဟုတ်ကဲ့ ... ပြီးခဲ့တဲ့ တစ်ပတ်ကလေ ပလာဇာက အရုပ်ဆိုင်မှာ တွေ့ခဲ့တဲ့ သူပါ"

"အင်း ... မှတ်မိပြီ။ ဟုတ်သားပဲ ကေးရဲ့ အရုပ်ကို ဝင်လုချင်တဲ့ သူ။ အခုရော ဘာကိစ္စလဲ"

"အဟဲ ... ကိစ္စကတော့ အထူးထွေ မရှိပါဘူး။ ခေးက ကေးကို လာကြို့တာလား"

"အံ့မယ် ... အံ့မယ် ... ဘယ်တုန်းကသိလို့  ရင်းရင်းနှီးနှီးကြီးတွေ လာနှုတ်ဆက်နေရတာတုန်း၊ လာလုပ်မနေနဲ့ ၊ စိတ်မဝင်စားဘူး"

သူမက အခြေအနေမှန်ကို သဘောပေါက်သွားပုံနှင့် ပြောပြောဆိုဆို လှည့်ထွက်သည် ။ သူက သူမဘေးကနေ၍ ကပ်လိုက်လာရင်းမှ ...

"စိတ်ဝင်စားဖို့ လုပ်တာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ကလည်း ကျွန်တော့်တူမလေးကို ကျောင်းလာကြိုတာပါ ...

အဲဒါ တစ်ခါမှ မကြိုဘူးတော့လေ ကြောင်တောင်တောင် ဖြစ်နေလို့ ၊ ဟဲ ... ဟဲ ...ဘယ်လိုကြိုရတာလဲဟင်"

သူမက သူ့ကို မျက်လုံးပြူးကြည့်တယ်။ ပြီးတော့ ရယ်ချင်သလို မျက်နှာမျိုးနဲ့ တစ်ဖက်ပြန်လှည့်သွားပါတယ်။ အင်း ... ဒါဆို သိပ်တော့မဆိုးဘူးပေါ့။

"ကျွန်တော်ဖြင့် ခေးကိုမြင်တော့ အားတက်သွားတာပဲ"

"အမယ်လေး ပိုပိုတွေ။ ကြံပေါက် ကြံစည် လျှောက်ပြောမနေစမ်းပါနဲ့ ရှင်။ ကလေးကျောင်းကြိုတာများ ရေးကြီးခွင်ကျယ်ကိစ္စ ကျနေတာပဲ "

"ဟာ ... ရေးကြီးခွင်ကျယ်ကိစ္စပေါ့။ တော်ကြာ ကျွန်တော့်ကို ကလေးအဖေ ထင်သွားရင် ဘယ့်နှယ်လုပ်မတုန်း"

"ဘယ်သူက ထင်မှာ လဲ"

သူမက ပြုံးစိစိဖြင့် လှည့်မေးတာ ဖြစ်သည် ။ သူသည် အဲဒီပုံစံလေးကို တကယ်ပဲခိုက်သွားရလေသည် ။ ခေးဟာ ကြာလေ ကြာလေ စကားပြောကြည့်လေလေ ချစ်ဖို့ ကောင်းသူလေး ဖြစ်သည် ။

သူက မဖြေဘဲ တဟဲဟဲနှင့် သာ ရယ်နေလျှင် ...

"တစ်ရက်တစ်လေ လာကြိုတာနဲ့ တော့ ကလေးအဖေ မထင်ပါဘူး။

နေ့စဉ်ရက်စက်မှ သာ ထင်ချင် ထင်မှာ ပေါ့"

ကြည့်စမ်း ... သူမက တကယ်ပါးနပ်သူ ဖြစ်သည် ။ နောက်ရက်တွေမှာ သူ ထပ်လာနိုင်တာကို သိသဖြင့် ချည်တုပ်ထားသော စကားဆိုတာကို သူကရိပ်မိလေသည် ။

"ဒါပေမဲ့ ဒီရပ် ဒီရည်ကတော့ နေ့တိုင်းလာကြိုလည်း ကလေးအဖေ မဟုတ်မှန်း သိသာပါတယ်"

သူမက ပြုံးမဲ့မဲ့နှင့် ခြေဆုံးခေါင်းဆုံး လှမ်းကြည့်ရင်းပြောလျှင် သူ့မှာ တကယ်ပဲ အနေရခက်သွားသည် ။

"ဘယ်ပြောနိုင်မလဲ၊ အခုခေတ်က ငယ်ငယ်ရွယ်ရွယ်လေးတွေနဲ့လည်း အိမ်ထောင်ကျချင် ကျနေတာလေ ...

အပျို လူပျိုနဲ့ သိပ်ခွဲလို့ ရတာမှ မဟုတ်တာ"

သူနဲ့ ခေးသည် ကျောင်းပေါက်ဝရှေ့မှာ အတူတူ ရယ်မိကြလျက် စကားတွေ ဆက်ပြောနေခြင်းဖြစ်သည် ။ ခေးကတော့ ထီးကြီးကိုဆောင်းလျက် ကြော့ကြော့မော့မော့ ရပ်နေ၍ သူ့မှာ သာ အတွေ့အကြုံ မရှိသဖြင့် နေပူလျက် ချွေးတပြန်ပြန် ဖြစ်လို့ နေလေသည် ။

သူက ဘောင်းဘီအိတ်ကပ်ထဲမှ မွှေးပွလက်ကိုင်ပဝါ နှင့် မျက်နှာ လည်ပင်းတို့ ကို ချွေးသုတ်ရင်းမှ ...

"အိုက်တယ်နော် ခေး"

သူမက ပြုံးစိစိဖြင့် ဘာမှ ပြန်မပြောချေ။ မသိချင်ဟန်ဆောင်ကာ တစ်ဖက်သို့ အသာလှည့်၍ နေသည်

"အင်း ... မနက်ဆယ်နာရီနဲ့ ညနေသုံးနာရီကြားမှာ ရှိတဲ့ Uv rays

တွေဟာ လူ့အရေအပြားကို အထိခိုက်စေဆုံးတဲ့ ခက်တာပဲ၊ တင်းတိပ် မှ `ႈ ခြောက်တွေတော့ ထွက်တော့မှာ ပဲ၊ Sun cream လည်း မလိမ်းခဲ့ရဘူး ကွာ ...

သူများ သားသမီးတွေကတော့ ကောင်းစားနေလိုက်တာ"

သူ့စကားကို သူမက တစ်ဖက်သို့ လှည့်နေကာ ဘာမှ ပြန်မပြောချေ။ သေချာတာကတော့ သူမက ပြုံးနေလိမ့်မည်။ ခဏကြာတွင် ကျောင်းဆင်းကာ ကလေးတွေက ကျောင်းထဲမှ တဖွဲဖွဲ ထွက်လာကြသည် ။ ဒီတော့မှ သူဟာ ခေးကို အာရုံထဲမှ ခဏဝါးထားလျက် တူမလေး ဒီဒီ့ကို ရှာရသည် ။

အမေဖြစ်သူ နေ့တိုင်းလာကြိုနေကျ ဒီဒီဟာ သူ့အမေကိုမတွေ့လျှင် လျှောက်ရှာနေမှာ ဆိုးသဖြင့် သူက ဒီဒီ့ကို မျက်ခြည်ပြတ်မခံရဲ။ ခဏနေတော့မှ ဒီဒီက ကျောပိုးအိတ်လေးကိုလွယ်ကာ ခြင်းတောင်းလေးဆွဲလျက် ထွက်လာသည် ။

"ဒီဒီရေ ... သမီး၊ မိုး ဒီမှာ "

သူ့တူမလေးက သူ့ကို မြင်သွားသည် ။ အဲဒီလိုပဲ သူမကလည်း သူ့ရဲ့ မိုးဆိုသော နာမည်ကိုကြားကာ ပြုံးလိုက်တာကိုလည်း သူက တွေ့ဖြစ်အောင် တွေ့ လိုက်လေသည် ။ သူ့ကို သူငယ်ချင်းတွေကသာ မိုးယုန်ဟု ခေါ်ကြလျက် မိဘတွေ၊ အိမ်သူအိမ်သားတွေက အငယ်ဆုံးဖြစ်၍ မိုးဟုသာ အဖျားဆွတ်ခေါ်ကြတာဖြစ်သည် ။ သူ့တူမလေးကလည်း သူ့အမေခေါ်သလို မိုးဟု သာ ခေါ်ပါသည် ။ သူက သူ့ဆီပြေးလာသော တူမလေးကို ဆီးယူပွေ့ချီရင်းမှ ...

"အားပါး ... ဒီဒီက ကျောင်းဝတ်စုံနဲ့ တယ်လိုက်ပါလား"

"မေမေရောဟင်"

"ဒီဒီ့ရဲ့ မေမေ မအားလို့ မိုး လာကြိုတာကွ၊ ကားပေါ်မှာ ဦးဦးရဲတို့ ဦးလင်းတို့ လည်း ပါတယ်...

ဒီဒီ့ကို ရေခဲမုန့် လိုက်ကျွေးမယ်၊ စားမှာ လား"

"စားမယ် ... သွားမယ်လေ"

သူက တူမလေးရဲ့ ခပ်သွက်သွက်အပြောကို တစ်ချက်ရယ်ရင်းမှ သူမကို လှည့်ကြည့်မိသည် ။ ခေးရဲ့ တူလေး ကေးကေး ရောက်မလာသေး။

"ကေးကေးက ဘယ်နှစ်တန်းလဲဟင်၊ ကျွန်တော့်တူမလေးက တစ်တန်းပါ"

သူမက သူ့ကို ဇွတ်လိုက်ရောနေတယ် ဟူသောပုံစံဖြင့် မျက်စောင်း တစ်ချက်ကဲကာ "ဂရိတ်ဝမ်း"ဟု မဖြေချင်ဖြေချင်ဟန်ဖြင့် ပြောသည် ။ ဒါဆိုလျှင် ကေးနဲ့ ဒီဒီမှာ အတန်းမတူကြောင်း သူ သဘောပေါက်လိုက် ရသည် ။

"ဒီဒီ ...ဒီက မမကို သိလား"

ဒီဒီက ခေတ်ပေါ်ဒီဇိုင်းထဲ လုံးဝဝင်နေသော ချစ်စဖွယ်သူမကို မျက်လုံးဝိုင်းလေးနှင့် အသေအချာ ငေးကြည့်နေသည် ။ ပြီးတော့မှ ...

"မြင်ဖူးသလိုလိုတော့ ရှိတယ်"

ဒီဒီရဲ့ ချစ်စဖွယ်အပြောကို သူမက တင်းမခံနိုင်တော့ချေ။ ဒီလိုပဲ ဦးလေးဖြစ်သူကိုလည်း တင်းမခံနိုင်ဖို့ ဆုတောင်းရပါမည်။

"ကလေးက နေပူနေပြီ၊ ရှင် သွားမှာ ဖြင့် သွားတော့လေ"

"ဟုတ် ... သွားတော့မယ်၊ ဆီးယူနော်"

သူ့အပြောကို သူမက ဘာမှ မပြောပဲ အသာပြုံးနေလေသည် ။ ဒီအချိန်မှာ ပဲ သူမရဲ့ တူလေးဖြစ်သူ ကေးကလည်း ကျောင်းဝင်းထဲမှ အပြေးထွက်လာတာနှင့် ကြုံရသည် ။ သူမကို ကေးက ဆီးကြိုပွေ့ဖက်ကာ ပါးဖောင်းဖောင်းလေးသို့ တစ်ချက် နမ်းမွှေးလိုက်လျှင် သူ့ရင်ထဲမှ နွေးခနဲ ဖြစ်သွားလေသည် ။

ပြီးတော့ ... ကေးကို ဆတ်ခနဲပဲ ကောက်ယူပွေ့ချီကာ ထီးကြီးက တစ်ဖက်မိုးထားလျှင် သူသည် အဲ့ဒီမြင်ကွင်းကို ဘာရယ်မဟုတ်ဘဲ ကြည့်ကာ ကြည်နူးနေမိလေသည် ။ သူကလည်း ဒီဒီ့ကိုချီလို့ ။ သူတို့ နှစ်ယောက်ဟာ ရှေ့နဲ့ နောက် မတိမ်းမယိမ်း လျှောက်မလာကြတာမို့ မသိလျှင် မိဘတွေလိုလို ဘာလိုလို။

သူ့မျက်နှာကြီးသည် ထိုအတွေးကို တွေးမိသောအခါ ပါးစပ်က နားရွက်မှာ တက်ချိတ်နေသလို စပ်ဖြဲဖြဲကြီးဖြစ်လို့ နေသည် ။ သူတို့ နှစ်ယောက် ရှေ့ဆင့် နောက်ဆင့် လျှောက်လာတာကို မြင်သော သူ့သူငယ်ချင်း နှစ်ယောက်က အင်္ဂါဂြိုလ်က ဂြိုလ်သားဆင်းလာတာကို မြင်သလို မျက်လုံးကြီးတွေပြူးလျက် သိသိသာသာကြီးပင် စူးစမ်းကြလေသည် ။

သူမကတော့ ခပ်တည်တည်ပဲ ဖြစ်သည် ။ ကားတံခါးကို အရင်ဖွင့်ကာ ကေးကေးကို အရင်ပွေ့တင်သည် ။ မှတ်သားနာယူဖွယ်ကား ကေးကေးကို ရှေ့ခန်းမှာ မထိုင်ခိုင်းဘဲ နောက်ခန်းထဲတွင် ခါးပတ်ကို ကျကျနန ပတ်ပေးထားလျက် ငြိမ်ငြိမ်လေးထိုင်စေတာဖြစ်သည် ။ နောက်ကကိုယ်တော်လေးမှာ ဘုရင်လေးလိုပင်။ ပြီးတော့မှ သူမက ရှေ့ခန်းသို့ ဝင်ထိုင်ကာ ကားကိုမောင်းထွက်သွားသည် ။

ဒီအချိန်ထိ သူဟာ ကားပေါ်တက်၍ စက်မနိုးရသေးချေ။ ရဲခိုင်က ငုတ်တုတ်မေ့သလို ဖြစ်နေသည့် သူ့ပခုံးကို တိုက်ချကာ ...

"ဟေ့ကောင် ... ဒါက ဘာလဲ။ ကံမကုန်လို့ ပြန်ဆုံတဲ့ သဘောလား"

"အေး ... ပြောတတ်ပါဘူးကွာ"

သူက အိပ်မက်ထဲမှ နိုးလာသူလို ယောင်ဝါးဝါးစကားပြောလျက် ကားပေါ်သို့တက်သည် ။ ပြီးလျှင် စက်နိုးပြီးမောင်းထွက်လိုက်တာနှင့် ...

"ငါ့ရဲ့ မေတ္တာက တကယ်စစ်မှန်လို့ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက ဒီအချိန် ဒီနေရာမှာ ကွက်တိ ငါ့ကို ခေးနဲ့ ဆုံခွင့် ပေးလိုက်တာကွ"

သူ့ရဲ့ နှစ်ထောင်းအားရဝမ်းသာ အပြောကြီးကို ရဲခိုင်က မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဘာလဲ ... သူ့နာမည်က ခေးတဲ့ လား"

"အေး ... ခေးတဲ့ "

"ဟွန်း ... ဘာနာမည်ကြီးလဲ"

"ဟာ ... ဘယ်လောက်ချစ်ဖို့ ကောင်းတဲ့ နာမည်လဲကွာ၊ ဘာပဲပြောပြော ငါ အရမ်းပျော်နေတယ်ကွာ ...

ဒီပုံအတိုင်းဆို သူနဲ့ ငါနဲ့ နီးစပ်ဖို့ မဝေးတော့ဘူး။ ကံတရားဆိုတာ

ကြိုမမြင်နိုင်ဘူးဆိုတာ တကယ်မှန်တယ်ကွာ။ သြော် ... ခေး ... ခေး ... ဖူးစာမှန်တော့ မောင်တို့ ပြန်ဆုံရပြီပေ့ါ သဲရယ်"

သူ့ရဲ့ နှစ်ဆယ့်တစ်ရာစု သီဝိလက်သစ်ပုံစံကို နောက်ခန်းထဲမှ လင်းသော်က ရှုံ့မဲ့ပြနေတာကို သူက မြင်နေရလေသည် ။ သူက နောက်ကြည့်မှန်ထဲမှ ပင် လင်းသော်ကို လျှာထုတ်ပြောင်ပြလျက် ...

"ယောက်ဖရာ စိတ်မကောင်းဘူးကွာ၊ သိလား။ ဒီတစ်သက်မင်းနဲ့ ငါ ယောက်ဖကိုးဆယ့်ကိုးဝမ်းကွဲ မတော်တော့ဘူး ...

ဆောရီး သယ်ရင်း၊ သွေ့ပုချိ ... ဟဲ ဟဲ"

"ကောင်းပါတယ်ကွာ၊ မင်း ခေးကို လိုက်မှာ ဖြင့်လည်း အမြန်လိုက် ပေါ့၊ ဒါမှ ကသစ်လည်း နားရွက်ပြတ်တဲ့ ဘဝက မြန်မြန်ကျွတ်မှာ "

"ဟေ ... ကသစ်က ဘယ်တုန်းက နားရွက်ပြတ်သွားရတာတုန်း။ ဘာလဲ ... ဟိုတစ်ခါ နားထပ်ဖောက်တဲ့ အနာက ရင်းပြီးမသက်သာဘူး လား"

"ဟော့ကောင် ... ရှုးချင်ယောင် ဆောင်မနေနဲ့ ၊ တစ်ဖက်သတ်အချစ် သမားတွေဟာ နားရွက်တစ်ဖက် ပြတ်နေသလို ဆတ်ဆတ်ခါ ဖျပ်ဖျပ် လူး ခံစားရလို့ ပြောနေတာ ...

နားလည်လား။ တစ်ခါတည်းတော့ ပြောထားမယ်နော်၊ နောက်နေ့ တွေ မင်းဘာသာ ဇာတ်လမ်းထွင် ကျောင်းကြိုတဲ့ ကိစ္စလုပ်ရင် ငါ့ကို လာမန္တယ်နဲ့ ၊ လုံးဝဝါသနာ မပါဘူး၊ ပေါက်တယ်နော်"

"ဘူ"

ပါးစပ်က တမင်လုပ်တာ မဟုတ်ဘဲ တကယ့်ကို အသံစစ်စစ်ကြီး တစ်ခုက နောက်ထဲမှ ထွက်လို့ လာလျှင် သူတောင်ကားမောင်းနေရင်းနဲ့ အလန့်တကြား ဖြစ်လို့ သွားရသည် ။ ရဲခိုင်ကလည်း မျက်လုံးပြူးကာ နောက်ခန်းထဲသို့ လှည့်ကြည့်သည် ။ သူကလည်း ကားမောင်းနေရသဖြ င့် နောက်သို့ တိုက်ရိုက်လှည့် မကြည့်နိုင်သော်လည်း မှန်ထဲမှ နေ၍ လင်းသော်ကို လှမ်းကြည့်လိုက်လျှင် လင်းသော်က လက်တခါခါဖြင့် ...

"ဟော့ကောင်တွေ ... ငါ မဟုတ်ဘူး နော်"

"ဘာမဟုတ်ရမှာ လဲ၊ မင်းပဲ ကြော်ငြာပြီးမှ ပေါက်တာမဟုတ်လား။ ပေါက်တယ်နော် ဘူ ဆိုပြီး ချက်ချင်း ... ခွေးကောင် ... ယုတ်မာတယ်"

"ဟေ့ကောင် ... မဟုတ်ပါဘူး ဆိုကွာ"

"မင်း မဟုတ်ရင် ဘယ်သူလဲ"

လင်းသော်က သူ့တူမလေး ဒီဒီ့ကို မျက်လုံးပြူးကာ အသာငဲ့ကြည့်သည် ။ ဒီဒီက လက်မလေးကိုကိုင်လျက် ဇက်လေးပုကာ "သမီး" ဟု ဖြေလျှင် သူတို့ အားလုံး ပွဲကျသွားရလေသည် ။ လင်းသော်က ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ...

"ဟေ့ကောင် ... ရေခဲမုန့် မြန်မြန်ကျွေးမှာ ဖြင့်လည်း ကျွေးလိုက်ကွာ၊ မင်းတို့ ဟာက ဦးလေးကနှိပ်စက် တူမကနှိပ်စက်နဲ့ "

သူ့မှာ လင်းသော်ရဲ့ စကားကြောင့် ဗိုက်ကိုနှိပ်လျက် တကိကိရယ်ရလေသည် ။ အဲဒီနောက်မှာ တော့ ဒီဒီ့ကို ရေခဲမုန့်ဝယ်ကျွေးပြီး၊ ပြီးတော့ သူ့အစ်မအိမ် ပို့ပေးကာ သူငယ်ချင်းတွေကို ကော်ဖီတိုက် စသဖြင့် အလုပ်တွေရှုပ်ခဲ့သော်လည်း သူ ပျော်နေခဲ့သည် ။

ခေးကို သူ မြင်မြင်ချင်း သဘောကျမိသည် ။ မမျှော်လင့်ဘဲ ထပ်ဆုံရသည့် အတွက် သူနဲ့ ခေးဟာ ရေစက်ရှိသည် ဟု လည်း ယုံကြည်ပါသည် ။ ဒါဟာ အချစ်ဟု သူ ရဲရဲကြီး အာမ,မခံနိုင်သေးပေမဲ့လည်း ဒီလိုခံစားမှုမျိုးကတော့ သူ့ဘဝမှာ ဒါပထမဆုံးပါဟု လုံးဝအာမခံပေးနိုင်လေသည် ။

ခေးရယ် ... ခင်ဗျားကို။ တကယ် ငြိတာပါဗျာ။

***